# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)

## National Community Driven Development Project



**ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ခရစ်ကျောက်တန်း ကျေးရွာအုပ်စု**

**ကျောက်ရေတွင်းကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်**

**၂၀၂၀ပြည့်နှစ်**

## မာတိကာ


| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ။<br>၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ<br>၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ ပိုင်ဆိုင်မှု မြေရိယာနှင့်သဘာဝ သယံဇာတများ။<br>၄.၈။ အခြားသတင်းအချက်အလက်များ။ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီ၏ မှတ်တမ်းဓာတ်ပုံများ<br>၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map) |

၆.၂။ ရာသီခွင်ပြ - ပြက္ခဒိန် (Seasonal Calendar)

၆.၃။ ဥစ္စာစနစ်ကြွယ်ဝမှုအဆင့် (Wealth Ranking)

၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)

၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)

၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)

၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း။

၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။

၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။

၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၁ (PC – 1)

၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၂ (PC – 2)

၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

၁၃။ ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ

၁၄။ ကဏ္ဍာအလိုက်အနှစ်ချုပ်ဇယား


၁၅။ လူထုဗဟိုပြုစီမံကိန်း (NCDDP) ဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ

## ၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ခရစ်ကျောက်တန်းကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ခရစ်ကျောက်တန်း | ၃၄၄ | ၉၇၀ | ၉၃၃ | ၁၉၀၃ |
| ၂။ | ကော့ဟသော် | ၃၅၀ | ၇၆၂ | ၈၂၃ | ၁၅၈၅ |
| ၃။ | မွန်လှိုင် | ၂၆၀ | ၇၇၇ | ၇၄၁ | ၁၅၁၈ |
| ၄။ | ကျောက်ရေတွင်း | ၂၀၄ | ၆၀၅ | ၆၁၀ | ၁၂၁၅ |
| ၅။ | ကျိုက်ကဘင် | ၁၂၁ | ၃၈၅ | ၃၅၆ | ၇၄၁ |
| ၆။ | နွားခြံကုန်း | ၂၃၅ | ၆၇၈ | ၆၂၆ | ၁၃၀၄ |

## ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

### ၄.၁။ ကျေးရွာသမိုင်းကြောင်း။

အစကနဦးတွင် ခရစ်ကျောက်တန်း ရွာသူရွာသားများက ကျောက်ရေတွင်းကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခြေစိုက်လုပ်ကိုင်ပြီး အိမ်ခြေ(၅)လုံးဖြင့် ရွာကို စတင်တည်ထောင် ခဲ့ပါသည်။ သက္ကရာဇ်(၁၂၆၀)ခုနှစ်တွင် ဆရာတော်ဘဒ္ဒန ္တဦးဥတ္တမ လက်ထက်တွင် အိမ်ခြေပေါင်း (၁၅)လုံး ရှိခဲ့ပြီး ဆရာတော်နှင့် ရွာသူရွာသားများ ပူးပေါင်းပြီး ဘုန်းတော်ကြီးကျောင်း စတင်တည်ထောင်ခဲ့သည်။

ကျောက်ရေတွင်းရွာဟုခေါ်ဆိုရခြင်းအကြောင်းအရင်းမှာဂဝံကျောက် ပေါများခြင်း၊ သောက်သုံးရေ ကောင်းသောကြောင့် ကျောက်ရေတွင်းရွာဟု ခေါ်ဆိုခဲ့သည်။ ယခုခေတ်ကာလ ကျောက်ရေတွင်းကျေးရွာတွင် အိမ်ခြေများလာပြီး လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ထိုက်သင့်အလျောက် ရှိခဲ့ပါသည်။

### ၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်းစုနှင့် လူဦးရေ။

ကျောက်ရေတွင်းကျေးရွာတွင် အိမ်ထောင်စု (၂၀၄) စု ရှိပါသည်။ ကျေးရွာအတွင်းနေထိုင်သောလူဦးရေမှာ အမျိုးသား (၆၀၅)ဦး၊ အမျိုးသမီး(၆၁၀) ဦး၊ စုစုပေါင်း(၁၂၁၅)ဦး ရှိပါသည်။ ယခုအိမ်ထောင်စုနှင့် လူဦးရေစာရင်း မှာ ၂၀၂၀ခုနှစ်၊ ဇွန်လတွင် ကောက်ထားသော စာရင်း ဖြစ်ပါသည်။

### ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

ကျောက်ရေတွင်းကျေးရွာတွင် နေထိုင်သော တိုင်းရင်းသားလူမျိုးစုမှာ မွန်နှင့်ကရင် လူမျိုးဖြစ်ပါသည်။ မွန်လူမျိုး အိမ်ထောင်စု (၁၅၄)စုတွင် အမျိုးသား (၄၃၆)ဦးနှင့် အမျိုးသမီး (၄၆၂)ဦး စုစုပေါင်း (၈၉၈)ဦး ရှိပါသည်။ ကရင်လူမျိုး အိမ်ထောင်စု (၅၀)စုတွင် အမျိုးသား (၁၆၉)ဦး နှင့် အမျိုးသမီး (၁၄၈) ဦး စုစုပေါင်း(၃၁၇)ဦးရှိပါသည်။ ရွာတွင်းလူဦးရေ စုစုပေါင်း (၁၂၁၅) ဦး ရှိပါသည်။

## ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

ကျောက်ရေတွင်းကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ် နှင့် အထက်) (၄၉) ဦး၊ မသန်စွမ်း (၇) ဦးတို့ရှိ ပါသည်။

## ၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ

ကျောက်ရေတွင်းကျေးရွာတွင် မူကြိုကျောင်း (၁)ကျောင်း၊  မူလွန်ကျောင်း (၁)ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်းနှင့် ဘုရားစေတီ တို့ရှိပါသည်။

## ၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏ အဓိကစီးပါွးရေးမှာ လယ်ယာစိုက်ပျိုးခြင်းနှင့် ရာဘာခြံလုပ်ငန်း ဖြစ်သည်။

## ၄.၇။ ပိုင်ဆိုင်မှု မြေရေရိယာနှင့်သဘာဝ သယံဇာတများ။

လယ်ထွန်စက်၊ မြက်ရိတ်စက်၊ သစ်စက်၊ အပ်ချုပ်စက်၊ ရာဘာခြံ၊ အင်း၊ ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ လယ်၊ နွား၊ ဆိတ်၊ ကြက်၊ ရေတွင်း၊ ဈေးဆိုင် တို့ရှိသည်။

## ၄.၈။ အခြားသတင်းအချက်အလက်များ။

ဂေါပကအဖွဲ့၊ လူငယ်အဖွဲ့၊ ကျောင်းကော်မတီ၊ ကျန်းမာရေးကော်မတီ၊ မွန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ သာရေးနာရေး အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ တို့သည် ရွာတွင်းတွင် ရှိသော အဖွဲ့ဖြစ်သည်။ အုပ်စုအုပ်ချုပ်ရေး အဖွဲ့၊ မွန်ပြည်သစ်ပါတီ၊ ရဲစခန်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်း၊ Phase-M အဖွဲ့ တို့သည် ရွာပြင်ပတွင် ရှိသော အဖွဲ့အစည်းဖြစ်သည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | | | | |
| ၁ | **လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ** | ၂၀ | ၂၀ | ၄၀ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား (ထိုင်း) ရွှေ့ပြောင်းလုပ်ကိုင်သူများခြင်း။ |
| ၂ | **ရာသီခွင်ပြ - ပြက္ခဒိန်** | ၂၅ | ၂၅ | ၅၀ | ပွဲတော်ရက်၊သဘာဝဘေးအန္တရာယ်၊ရာဘာစိုက်ပျိုး၊ကျန်းမာရေး၊ဝင်ငွေ၊ ထွက်ငွေ။ |
| ၃ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | ၂၅ | ၂၅ | ၅၀ | အဆင်မပြေသောအိမ်ထောင်စု (၁၄၉)စု၊ အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ ပညာရေး။။ |
| ၄ | **ပင့်ကူအိမ် (ကျား-မရေးရာ)** | ၁၀ | ၂၅ | ၃၅ | ပညာတတ်မြောက်မှု၊ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊အမျိုးသမီးများဝင်ငွေရအလုပ်အကိုင်မရှိခြင်း၊ကျန်းမာရေး |
| ၅ | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | ၂၅ | ၂၅ | ၅၀ | အပ်ချုပ်စက်အမျိုးသမီးများသုံးစွဲမှုများသည်။ လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ မြက်ရိတ်စက်၊ စက်တပ်လှေ၊အမျိုးသားများသုံးစွဲမှုများသည်။ ဆိုင်ကယ်၊ ကား၊ ရေတွင်း၊ ဘုန်းကြီးကျောင်း လယ်၊ နွားတို့ကိုအမျိုးသား၊အမျိုးသမီးတို့ကသုံးစွဲကြသည်။ |
| ၆ | **အဖွဲ့အစည်းချိတ်ဆက်မှု** | ၂၅ | ၂၅ | ၅၀ | ကျေးရွာတွင်း အုပ်ချုပ်ရေးအဖွဲ့မှ |


| | | | | | |
|---|---|---|---|---|---|
| | | | | | သြဇာလွှမ်းမိုး၊ ကျေးရွာပြင်ပတွင် မွန်ပြည်သစ်ပါတီ၊အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် NGO အဖွဲ့မှ Phase – M တို့ကလွှမ်းမိုးမှုများသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ


### ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)




## ၆.၂။ ရာသီခွင်ပြ - ပြက္ခဒိန် (Seasonal Calendar)




## ၆.၃။ ဉစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)



## ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)



## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



မြို့နယ် - ကော့ကရိတ်
အုပ်စု - ခရစ်ကျောက်တန်း


အရင်းအမြစ်ထိန်းချုပ်မှု ပြဇယား

ကျေးရွာ - ကျောက်ရေတွင်း
ရက်စွဲ - 23.6.20

| အကြောင်းအရာ | ကျား | မ | ကျ+မ |
|---|---|---|---|
| လယ်ထွန်စက် | | | ✓ |
| ရေတွင်း | | | ✓ |
| လယ် | ✓ | | |
| ရော်ဘာခြံ | | | ✓ |
| ဈေးဆိုင် | | ✓ | |
| ကား | ✓ | | |
| ဆိုင်ကယ် | ✓ | | |
| စက်ဘီး | | | ✓ |
| အင်း | ✓ | | |
| နွား၊ဆိတ်၊ကြက် | | | ✓ |
| သစ်စက် | ✓ | | |
| မြက်ဖြတ်စက် | ✓ | | |
| လှည်း | ✓ | | |

ဦးဆောင်ဆွေးနွေးသူ - ဒေါ်ပိုးကျ
ပါဝင်ဆွေးနွေးသူ - ကျ(၂၅)+မ(၂၅)

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)



## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် ရလဒ်များ | | |
|---|---|---|---|---|---|
| ၁ | **လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ** | ၂၀ | ၂၀ | ၄၀ | အဓိကအသက်မွေးဝမ်းကြောင်းအတွက်ရာဘာခြံနှင့်လယ်အရင်းအမြစ်ကိုအသုံးပြုကြသည်။ရာဘာခြံမှာအများအပြားရှိပြီးလယ်မြေမှာအနည်းငယ်သာရှိသည်။လွန်ခဲ့သောငါးနှစ်အတွင်းသစ်တောနည်းလာပြီးလယ်ယာလုပ်ကိုင်သူနည်းပါးလာပါသည်။ရာဘာခြံမှာအများအပြားစိုက်ပျိုးလုပ်ကိုင်လာကြသည်။သီးခြားနေထိုင်သောအုပ်စုမရှိပါ။တိုးတက်ရန်လိုအပ်သောအချက်များမှာလမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊ဆေးပေးခန်းတည်ဆောက်ရန်၊လျှပ်စစ်မီးသွယ်တန်းရန်၊စာသင်ကျောင်းခြံစည်းရိုးတည်ဆောက်ရန်၊ဝင်ငွေရလုပ်ငန်းများရရှိစေရန်ဖြစ်သည်။ |
| ၂ | **ရာသီခွင်ပြ - ပြက္ခဒိန်** | ၂၅ | ၂၅ | ၅၀ | အဓိကအသက်မွေးဝမ်းကြောင်းအလုပ်သည်ရာဘာခြံ(ရာဘာခြစ်)သောအလုပ်ဖြစ်ပါသည်။အိမ် |

| | | | | | |
|---|---|---|---|---|---|
| | | | | | ထောင်စု(၁၅၀)ခန့်ကရာဘာခြံကိုလုပ်ကိုင်ကြသည်။ထိုလုပ်ငန်းသည်တစ်နှစ်ပတ်လုံးလုပ်ကိုင်၍မရပါ။ရာဘာခြံမလုပ်ကိုင်သောအိမ်ထောင်စုမှာကျွဘမ်းအလုပ်ကိုသာလုပ်ကိုင်ကြသည်။အဆင်မပြေသောအိမ်ထောင်စုအများစုမှာရာဘာအငှားခြစ်လုပ်ကိုင်ကြသည်။ဝင်ငွေမလုံလောက်လျှင်နိုင်ငံခြားငွေကိုသာအဓိကအားထားကြသည်။အမျိုးသမီးများ၏အဓိကအသက်မွေးဝမ်းကြောင်းမှာစက်ချုပ်နှင့်ဈေးရောင်းခြင်းတို့ဖြစ်ပါသည်။အမျိုးသားနှင့်အမျိုးသမီးလုပ်အားခတန်းတူရပါသည်။ |
| ၃ | **ဥစ္စာဓနကြွယ်ဝမှုအဆင့်** | ၂၅ | ၂၅ | ၅၀ | မပြေလည်သောအိမ်ထောင်စုမှာ(၁၄၈)အိမ်ထောင်စုရှိသည်။မပြေလည်ရခြင်းအကြောင်းရင်းမှာအလုပ်အကိုင်နည်းပါးခြင်း၊ဝင်ငွေနည်းခြင်း၊ငွေကြေးအရင်းအနှီးမရှိခြင်း၊အသိပညာအားနည်းခြင်းကြောင့်ဖြစ်သည်။မပြေလည်သူများကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်လာအောင်အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်း၊ |

| | | | | | |
|---|---|---|---|---|---|
| | | | | | လက်တွဲခေါ်ပေးခြင်း၊အခက်အခဲများကိုအလေးထားစဉ်းစားပေးခြင်းဖြင့်ပြုလုပ်နိုင်ပါသည်။ |
| **၄** | **ပင့်ကူအိမ် (ကျား-မရေးရာ)** | ၁၀ | ၂၅ | ၃၅ | အလုပ်အကိုင်အခွင့်အလမ်း၊ကျန်းမာရေးလက်လှမ်းမှီမှု၊လုံခြုံမှု၊ဝင်ငွေရရှိမှုတို့တွင်အမျိုးသမီးများသည်အမျိုးသားထက်နည်းသည်။အကြောင်းရင်းမှာအမျိုးသမီးများသည်အိမ်မှုကိစ္စတွင်သာအချိန်ပြည့်ရာနှုန်းပြည့်ဖြစ်နေတတ်သည်။အမျိုးသမီးများသည်ဝင်ငွေရသောအလုပ်တွင်နည်းပြီးအိမ်ထဲတွင်သာရှိနေတတ်ခြင်း၊ပညာရေးအားနည်းခြင်းကြောင့်မပြောရဲမဆိုရဲရာမှပါဝင်ခွင့်နည်းပါးနေတတ်သည်။အမျိုးသမီးများအတွက်အသိပညာပေးဟောပြောပွဲများလုပ်ငန်းတွင်တန်းတူအခွင့်အရေးပေးခြင်းဖြင့်အမျိုးသမီးများပိုမိုတိုးတက်လာအောင်လုပ်နိုင်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်အမျိုးသမီများအားလက်တွဲခေါ် ခြင်းဖြင့်ကူညီနိုင်မည်။ |
| **၅** | **ပိုင်ဆိုင်မှုသုံးသပ်ခြင်း** | ၂၅ | ၂၅ | ၅၀ | အပ်ချုပ်စက်ကိုအမျိုးသမီးများသာအသုံးပြုကြသည်။သစ်စက်၊ |

| | | | | | |
|---|---|---|---|---|---|
| | | | | | လယ်ထွန်စက်၊မြက်ဖြတ်စက်များကိုအမျိုးသားများသာသုံးကြသည်။မြက်ဖြတ်စက်၊သစ်စက်၊လယ်၊အင်း၊ကား၊ဆိုင်ကယ်များကိုအမျိုးသားများသာထိန်းချုပ်ကြသည်။ရော်ဘာခြံ၊လယ်၊ဆိုင်ကယ်၊ရေတွင်း၊နွား၊ဆိတ်၊ကြက်၊စက်ဘီး၊စျေးဆိုင်၊အင်းတို့ကိုနှစ်ဦးစလုံးသုံးကြသည်။လယ်ထွန်စက်၊မြက်ဖြတ်စက်၊သစ်စက်တို့ကိုအမျိုးသားများကသာသုံးကြသည်။လယ်ထွန်စက်၊ရေတွင်း၊နွား၊ဆိတ်၊ကြက်၊ရော်ဘာခြံ၊စက်ဘီးတို့ကိုအမျိုးသားအမျိုးသမီးနှစ်ဦးစလုံးထိန်းချုပ်ကြသည်။ကား၊လယ်ထွန်စက်၊မြက်ဖြတ်စက်၊သစ်စက်တို့ကိုအမျိုးသား၏ဆုံးဖြတ်ချက်ချပြီးမှသုံးကြရသည်။ |
| ၆ | **အဖွဲ့အစည်းချိတ်ဆက်မှု** | ၂၅ | ၂၅ | ၅၀ | ကျေးရွာတွင်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည်ကျေးရွာအတွင်းအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးတိုးတက်ရေးတွင်အဓိကဦးဆောင်ကြသည်။လူငယ်အဖွဲ့၊နာရေးကူညီမှုအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့များမှာရွာ၏သာရေးနာရေးနှင့်ဘာသာရေးတို့တွင်အဓိက |

| | | | | | |
|---|---|---|---|---|---|
| | | | | | ပါဝင်သည်။အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များသည်အမျိုးသမီးအဖွဲ့များဖြစ်ကြသည်။ကျောင်းကော်မတီနှင့်ကျန်းမာရေးအဖွဲ့မှအမျိုးသားနှင့်အမျိုးသမီးများပူးပေါင်းသောပညာရေး၊ကျန်းမာရေးနှင့်ဝင်ငွေရရှိမှုတို့ကိုအဓိကဆောင်ရွက်သည်။ရွာတွင်းရှိအဖွဲ့များသည်စည်းလုံးညီညွတ်ပြီးလက်တွဲပူးပေါင်းနေထိုင်ကြသည်။ရွာပြင်ပအဖွဲ့နှင့်လည်းဆက်သွယ်ရေးအားကောင်းသည်။ရွာတွင်းရှိအုပ်ချုပ်ရေးမှူးအဖွဲ့နှင့်ရွာသူရွာသားများပူးပေါင်းပါဝင်မှုအားကောင်းပြီးချိတ်ဆက်မှုမှာလည်းအလွန်ကောင်းပါသည်။ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုတွင်ကျေးရွာစီ/ထောက်ကော်မတီအဖွဲ့နှင့်အုပ်ချုပ်ရေးအဖွဲ့တို့သည်ဦးဆောင်ဦးရွက်ပြုကြသည် |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။





## ၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။

| စဉ် | အမည် | ကျား | မ | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးမင်းသန်းထိုက် | √ | | **စီ/ထောက်ဥက္ကဋ္ဌ** | |
| ၂ | ဒေါ်ချိုချိုစန်း | | √ | **စီ/ထောက်ဥက္ကဋ္ဌ** | |
| ၃ | ဦးပျော့ | √ | | **ဝယ်ယူရေးခေါင်းဆောင်** | |
| ၄ | မိငွေပြီ | | √ | **ဝယ်ယူရေးအဖွဲ့ဝင်** | |
| ၅ | ဦးမြင့်သိန်း | √ | | **ဝယ်ယူရေးအဖွဲ့ဝင်** | |
| ၆ | ဦးမွန်သန်း | √ | | **ကျေးရွာစာရင်းကိုင်** | |
| ၇ | ဦးမောင်ထွန်းအေး | √ | | **စောင့်ကြည့်ခေါင်းဆောင်** | |
| ၈ | ဒေါ်ရွှေကြည် | | √ | **စောင့်ကြည့်အဖွဲ့ဝင်** | |
| ၉ | ဦးပရဲ့ | √ | | **စောင့်ကြည့်အဖွဲ့ဝင်** | |
| ၁၀ | ဒေါ် မီး | | √ | **ပြင်/ထိန်းခေါင်းဆောင်** | |
| ၁၁ | ဦးဇော်လင်း | √ | | **ပြင်/ထိန်းအဖွဲ့ဝင်** | |
| ၁၂ | ဦးမောင်ရုပ်ဆိုး | √ | | **ပြင်/ထိန်းအဖွဲ့ဝင်** | |
| ၁၃ | ဒေါ်ဉာဏ်ပရို | | √ | **ဝေဖန်အကြံပြုကိုယ်စားလှယ်** | |
| ၁၄ | ဦးရေကျော် | √ | | **ဝေဖန်အကြံပြုကိုယ်စားလှယ်** | |
| ၁၅ | မင်းလဝီမာန် | √ | | **စေတနာ့ဝန်ထမ်း** | |
| ၁၆ | မိနှင်းနှင်းမွန် | | √ | **စေတနာ့ဝန်ထမ်း** | |

## ၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၁ (PC – 1)

| | | | |
|---|---|---|---|
| **ကျေးရွာခေါင်းဆောင်အမည်**<br>ဦးမင်းသန်းထိုက် | **ကျေးရွာခေါင်းဆောင်ဖုန်းနံပါတ်**-၀၉၇၉၁၆၀၅၁၀၆ | | **လူထုစည်းရုံးရေးမှူးအမည်**<br>မိစန္ဒာအောင် |
| **ပြည်နယ်**<br>ကရင် | **မြို့နယ်**<br>ကော့ကရိတ် | **ကျေးရွာအုပ်စု**<br>ခရစ်ကျောက်တန်း | **ကျေးရွာ**<br>ကျောက်ရေတွင်း |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| **လူမျိုးစု (၁)**မွန် | ၁၅၄ | ဗုဒ္ဓ | ၂၀၄ |
| **လူမျိုးစု (၂)**ကရင်(စကော) | ၅၀ | ဗုဒ္ဓ | |
| **လူမျိုးစု (၃)........................** | | | |
| **လူမျိုးစု (၄)........................** | | | |
| **အခြား ..............................** | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| **မသန်စွမ်း** | ၇ |
| **သက်ကြီးရွယ်အို (၆၅နှစ် နှင့်အထက်)** | ၄၉ |
| **စစ်ဘေးရှောင်** | |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| **လူမျိုးစု (၁)** မွန် | ၄၃၆ | ၄၆၂ | ၈၉၈ |

| | | | |
|---|---|---|---|
| **လူမျိုးစု (၂)** ကရင်(စကော) | ၁၆၉ | ၁၄၈ | ၃၁၇ |
| **လူမျိုးစု (၃)........................** | | | |
| **လူမျိုးစု (၄)........................** | | | |
| **အခြား ...............................** | | | |
| **အိမ်ထောင်ဦးစီး** | ၁၇၁ | ၃၃ | ၂၀၄ |

**ခ။ အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| **စာသင်ကျောင်း** | **အမှန်ခြစ်** | **ကျန်းမာရေး** | **အမှန်ခြစ်** | **ဘာသာရေးအဆောက်အအုံများ** | **အမှန်ခြစ်** |
|---|---|---|---|---|---|
| **အထက်တန်း** | | **ဆေးရုံ** | | **စေတီ** | √ |
| **အလယ်တန်း** | √ | **ကျန်းမာရေးဌာန** | | **ဘုန်းကြီးကျောင်း** | √ |
| **မူလတန်း** | √ | **ကျန်းမာရေးဌာနခွဲ** | | **ဟိန္ဒူဘုရားကျောင်း** | |
| **မူကြို** | √ | **ဆေးပေးခန်း** | | **ခရစ်ယာန်ဘုရားကျောင်း** | |
| **အခြား** | | **အခြား** | | **ဗလီ** | |
| **မှတ်ချက်** | | **မှတ်ချက်** | | **အခြား** | |
| | | | | **မှတ်ချက်** | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်း သို့အခြားမှလာရောက်)**

| **ပညာရေး** | | | **ကျန်းမာရေး** | | | **လက်မှုပညာ** | | |
|---|---|---|---|---|---|---|---|---|
| | **ရွာတွင်း** | **ပြင်ပ** | | **ရွာတွင်း** | **ပြင်ပ** | | **ရွာတွင်း** | **ပြင်ပ** |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အထက်တန်းဆရာ/မ | | | ဆရာဝန် | | | လက်သ မား | √ | √ |
| အလယ်တန်းဆရာ/မ | √ | √ | ကျန်းမာရေးမှူး | | | ပန်းရံ | √ | √ |
| မူလတန်းဆရာ/မ | | √ | ကျန်းမာရေးဆရာမ | | | လျှပ်စစ်ကျွမ်းကျင် | √ | |
| မူကြိုဆရာ/မ | √ | | သားဖွားဆရာမ | √ | √ | ရေပိုက်သွယ် | | |
| အခြား | | | ကျန်းမာရေးလုပ်သား | | | စက်ပြင် | √ | |

**(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသော လမ်းအခြေ အနေ**

**ကျောက်ကြမ်းလမ်း  ကတ္တရာလမ်း  ကွန်ကရစ်လမ်း  ဆိုင်ကယ်လမ်း**

**ကျောက်ခင်းလမ်း  မြေသားလမ်း  လူသွားလမ်း  အခြား ------------------**

**(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်**

**၁။ လူထုဗဟိုပြုစီမံကိန်းမစတင်မီ ကျေးရွာတွင် ဖွံ့ဖြိုးရေး စီမံချက်ရှိခဲ့ပါသလား? ---------- ရှိပါသည်/မရှိပါ/မသိပါ**

၂။ ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ?----------- (........)/ မသိပါ

၃။ ထိုစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား--------------------- ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁။ ကျေးရွာ၏ဗဟိုမှ အုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။-------- (၁)မိုင်/မသိပါ

၂။ ကျေးရွာမှ အုပ်စုရွာသို့သွား/လာရာတွင် အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၁၅မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား.....

မိုးရာသီကြာချိန် ၁၅မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား.....

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

.......မရှိပါ/ ..........ရှိပါသည်/ ရှိလျှင်ဖော်ပြပါ ..................................

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့)ရွာသားများ ကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသော အဖွဲ့များရှိပါသလား?

(၁) --------------------------------- (၂) -----------------------------------

(၃) --------------------------------- (၄) -----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း။

..........မရှိပါ။ ...√.........ရှိပါသည်။

## ၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၂ (PC – 2)

| | | | |
|---|---|---|---|
| **စည်းရုံးရေးမှူးဝန်ထမ်းအမည်** - ဦးထွန်းထွန်းဒွေးမိစန္ဒာအောင် | | | |
| **နေ့စွဲ** -၂၃.၆.၂၀၂၀ | **စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ - စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..) စက်ဝန်း ၃ (√..)၊ စက်ဝန်း ၄ (..)** | | |
| **ပြည်နယ်**<br>ကရင် | **မြို့နယ်**<br>ကော့ကရိတ် | **ကျေးရွာအုပ်စု**<br>ခရစ်ကျောက်တန်း | **ကျေးရွာ**<br>ကျောက်ရေတွင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူ အရေအတွက် | | | | | အိမ်ထောင်စုစုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးစီးသည့် နေ့ | ကျား | မ | အိမ်ထောင် စု | လူမျိုးစု အရေအတွက် | လူမျိုးစု အမည် | | |
| ၁။ ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေး | ၂၃.၆.၂၀၂၀ | ၂၃.၆.၂၀၂၀ | ၆၄ | ၇၄ | ၁၃၈ | ၁၃၈ | မွန် | ၂၀၄ | ၆၇.၆ |
| ၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၃.၆.၂၀၂၀ | ၂၃.၆.၂၀၂၀ | ၆၄ | ၇၄ | ၁၃၈ | ၁၃၈ | မွန် | ၂၀၄ | ၆၇.၆ |
| ၃။ ကျေးရွာအုပ်စုလုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏စီမံကိန်းသုံးသပ်မှုအစည်းအဝေး | | | | | | | | | |
| ၅။ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော် | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရေးကော်မတီးဆုံးဖြတ်မှုကိုကျေးရွာသို့ အသိပေးသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲ စီမံချက်ရေးဆွဲသည့်အစည်းအဝေး | | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရေး အစီအစဉ်ရေးဆွဲခြင်း။ | | | | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ်ရေးဆွဲခြင်း။ | | | | | | | | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှုလျာထားအစီအစဉ်ရေးဆွဲခြင်း။ | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ်ရေးဆွဲခြင်း။ | | | | | | | | | |

## ၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

| | | | |
|---|---|---|---|
| **စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည်** - - ဦးထွန်းထွန်းဒွေး၊မိစန္ဒာအောင် | | | |
| **နေ့စွဲ** - ၂၃.၆.၂၀၂၀ | **စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ - စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..) စက်ဝန်း ၃ (√..)၊ စက်ဝန်း ၄ (..)** | | |
| **ပြည်နယ်**<br>ကရင် | **မြို့နယ်**<br>ကော့ကရိတ် | **ကျေးရွာအုပ်စု**<br>ခရစ်ကျောက်တန်း | **ကျေးရွာ**<br>ကျောက်ရေတွင်း |

**(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။**

| **အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ** | | | |
|---|---|---|---|
| ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်သောကြောင့်မိုးရာသီဗွက်ထပြီးနွေရာသီဖုန်ထူခြင်းကြောင့်သွားလာရခက်ခဲခြင်း။ | **ကျား** ... | **မ....** | **ကျား+မ** √ |
| လူနာတင်ယာဉ်မရှိသောကြောင့်လူနာပို့ဆောင်ရာမှာအခက်အခဲရှိခြင်း။ | **ကျား** √ | **မ....** | **ကျား+မ** ... |
| ဆေးပေးခန်းမရှိသောကြောင့်ဆေးကုသရာတွင်လူနာများအတွက်အခက်အခဲဖြစ်ခြင်း။ | **ကျား** ... | **မ....** | **ကျား+မ** √ |
| လျှပ်စစ်မီးမရှိသောကြောင့်ညဘက်သွားလာရလုံခြုံမှုအားနည်းခြင်း။ | **ကျား** ... | **မ....** | **ကျား+မ** √ |
| ကျောင်းခြံစည်းရိုးခိုင်ခံ့မှုမရှိသောကြောင့်ကျောင်းလုံခြုံမှုမရှိခြင်း။ | **ကျား** ... | **မ....** | **ကျား+မ** √ |
| အထက်တန်းကျောင်းမရှိသောကြောင့်တခြားရွာသို့ကျောင်းသွားတက်နေရသောကြောင့်မိုးတွင်းသွားလာရခက်ခဲခြင်း။ | **ကျား** ... | **မ** √ | **ကျား+မ** ... |

| | | | |
|---|---|---|---|
| စာသင်ကျောင်းသွားရာလမ်းမှာမြေနိမ့်ပိုင်းဖြစ်သည့်အတွက်ရေမြုပ်ခြင်းကြောင့်ကျောင်းသူ/သားများနှင့်ဆရာ/မများအတွက်သွားလာရခက်ခဲခြင်း။ | **ကျား** **…** | **မ….** | **ကျား+မ** √ |
| တူးမြောင်းမကောင်းသောကြောင့်စပါးရေလုံလောက်စွာမရ၍အထွက်နည်းခြင်းနှင့်လယ်လုပ်သောသူနည်းပါးလာခြင်း။ | **ကျား** **…** | **မ….** | **ကျား+မ** √ |
| အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း။ | **ကျား** **…** | **မ** √ | **ကျား+မ** **…** |
| | **ကျား** **…** | **မ….** | **ကျား+မ** **…** |

**(ခ) မျှော်မှန်းခြင်း - နောင်လာမည့် ၅ နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလျာထားချက်များ**

| **အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ** | | | |
|---|---|---|---|
| ရွာတွင်းလမ်းကောင်းမွန်လာလျှင်လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်။ | **ကျား** **…** | **မ….** | **ကျား+မ** √ |
| လူနာတင်ယာဉ်ရရှိလာလျှင်အချိန်မှီကုသနိုင်ရန်အတွက်ပို့ဆောင်ရေးလျှင်မြန်စေရန်။ | **ကျား** √ | **မ….** | **ကျား+မ** **…** |
| ဆေးပေးခန်းရှိလာလျှင်ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်လာစေရန်နှင့်ကိုယ်ဝန်ဆောင်မိခင်များမီးဖွားရာတွင်အဆင်ပြေလာစေရန်။ | **ကျား** **…** | **မ….** | **ကျား+မ** √ |
| လျှပ်စစ်မီးရှိလာလျှင်လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်။ | **ကျား** **…** | **မ….** | **ကျား+မ** √ |
| ကျောင်းခြံစည်းရိုးရှိလာလျှင်ကျောင်းလုံခြုံမှုရှိလာစေရန်။ | **ကျား** **…** | **မ….** | **ကျား+မ** √ |
| အထက်တန်းကျောင်းရှိလာလျှင်ကလေးများရွာတွင်းတွင်အဆင့်မြင့်ပညာသင်ကြားနိုင်စေရန်။ | **ကျား** **…** | **မ** √ | **ကျား+မ** **…** |

| | | | |
|---|---|---|---|
| စာသင်ကျောင်းသွားရာလမ်းကောင်းမွန်လာလျှင်ကျောင်းသူ/သားများနှင့်ဆရာ/မများအတွက်သွားလာရလွယ်ကူလာစေရန်။ | **ကျား...** | **မ....** | **ကျား+မ** √ |
| တူးမြောင်းကောင်းမွန်လာလျှင်လယ်လုပ်သူများလာစေရန်နှင့်စပါးအထွက်နှုန်းတိုးများ လာစေရန်။ | **ကျား...** | **မ....** | **ကျား+မ** √ |
| အလုပ်အကိုင်အခွင့်အလမ်းရရှိလာလျှင်ဝင်ငွေများပြားလာစေရန်။ | **ကျား...** | **မ** √ | **ကျား+မ...** |
| | **ကျား...** | **မ....** | **ကျား+မ...** |

**(ဂ) လူထုစီမံကိန်း၏ နောင်လာမည့် ၄ နှစ်တာအတွက် အကျိုးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။**


| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေး အတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ | ခန့်မှန်း ကုန် ကျစရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း။ | က+မ | လမ်းပန်း ဆက်သွယ်ရေး | **၁၃၂၀၀၀၀၀** | ၆၀၅ | ၆၁၀ | ၁၂၁၅ |
| ၂ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း လုပ်ငန်း | က+မ | ကျန်းမာရေး | **၂၀၀၀၀၀၀၀** | ၆၀၅ | ၆၁၀ | ၁၂၁၅ |
| ၃ | လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း | က+မ | မီးလင်းရေး | **၁၀၁၄၀၀၀၀၀** | ၆၀၅ | ၆၁၀ | ၁၂၁၅ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ကျောင်းခြံစည်းရိုးတည်ဆောက်ခြင်းလုပ်ငန်း | က+မ | ပညာရေး | **၁၅၀၀၀၀၀၀** | ၆၀၅ | ၆၁၀ | ၁၂၁၅ |
| ၅ | စာသင်ကျောင်းသွားရာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း။ | က+မ | လမ်းပန်းဆက်သွယ်ရေး | **၁၁၀၀၀၀၀၀၀** | ၆၀၅ | ၆၁၀ | ၁၂၁၅ |
| ၆ | တူးမြောင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း။ | က+မ | ရေနှင့်သန့်ရှင်းရေးလုပ်ငန်း | **၁၀၀၀၀၀၀၀၀** | ၆၀၅ | ၆၁၀ | ၁၂၁၅ |
| ၇ | ကျောင်းဆောင်သစ်ပြုပြင်တိုးချဲ့ခြင်းလုပ်ငန်း။ | က+မ | ပညာရေး | **၁၈၀၀၀၀၀၀** | ၆၀၅ | ၆၁၀ | ၁၂၁၅ |

## (ဃ) လူထုစီမံကိန်း၏နောင်လာမည့် ၄ နှစ်အအတွက် အကျုံးမဝင်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များ။

| **စဉ်** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ** | **အဆိုပြုသူ ကျား၊ မ၊ (ကျား+မ)** | **အခန်း ကဏ္ဍ** |
|---|---|---|---|
| ၁ | အထက်တန်းအဆင့်ရရှိရေး။ | မ | ပညာရေး |
| ၂ | အလုပ်အကိုင်အခွင့်အလမ်းရရှိရေး။ | မ | အသက်မွေးဝမ်းကျောင်း |
| ၃ | အခမ်းအနားပန်းအလှဆင်သင်တန်းရရှိရေး။ | က | အသက်မွေးဝမ်းကျောင်း |

## ၁၃။ ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ



အစည်းအဝေးခေါင်းစဉ် ( ပ + ဒု အကြိမ်အစည်းအဝေး )

နေရာ ကျောက်ရေတွင်း　　နေ့ရက် 2.7.2019

အချိန် စ 10:00 ပြီး 2:30

ဆွေးနွေးသည့် အကြောင်းအရာ

၁။ လူထုလှုပ်ရှားမှုစီမံကိန်းမိတ်ဆက်

၂။ အစိုးရကတာဝန်ရှိသူများနှင့် တာဝန်ခွဲဝေမှုများရှင်းပြခြင်းနှင့် ကော်မတီဝင်ထပ်မံပြန်လည်အတည်ပြုခြင်း။

၃။ ဦးစားပေးလုပ်ငန်း ပြန်လည်ရွေးချယ်ခြင်းနှင့် အတည်ပြုခြင်း။

၄။ အကျိုးဝင် / မဝင် ရှင်းပြခြင်းနှင့် VDP ပုံစံရှင်းလင်းခြင်း။

၅။ ကျေးရွာဖွံ့ / ထောက် ကော်မတီဝင်များ ပြန်လည်အတည်ပြုခြင်းနှင့် ရွေးချယ်ခြင်း။

၆။ အစည်းအဝေး ပိတ်သိမ်းခြင်းနှင့် အုပ်စု ဓါတ်ပုံရိုက်ကူးခြင်း။

| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ |
|---|---|---|
| ၁ | PRA Tools ဖြင့် ပြန်လည်မွမ်းမံသုံးသပ်ဆွေးနွေးခြင်း။ | ကျေးရွာသူ/သားအားလုံး |
| ၂ | ဦးစားပေးလုပ်ငန်းများ ပြန်လည်ရွေးချယ်အတည်ပြုခြင်း။ | ကျေးရွာသူ/သားအားလုံး |
| ၃ | ကော်မတီဝင်များ ပြန်လည်အတည်ပြုခြင်းနှင့် လစ်လပ်သူနေရာတွင် ပြန်လည်ရွေးချယ်အစားထိုးခြင်း။ | ကျေးရွာသူ/သားအားလုံး |
| ၄ | အစည်းအဝေး ပိတ်သိမ်းခြင်း။ | အုပ်ချုပ်ရေးမှူး |
| ၅ | အုပ်စု ဓါတ်ပုံရိုက်ကူးခြင်း။ | ကျေးရွာသူ/သားအားလုံး |
| | | |

မှတ်တမ်းတင်သူ

အမည်/ ရာထူး မိုးအောင် / CF

လက်မှတ်/ရက်စွဲ Aung

## ၁၄။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ | | | ခုနှစ် | ထောက်ပံ့မည့် အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| **အခြေခံအဆောက်အအဦး (လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး)** | ၁ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း။ | | | √ | **2018/2019/2020** | **NCDDP** | **မပြီးစီး** |
| | ၂ | စာသင်ကျောင်းသွားရာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း။ | | | √ | **2020** | | |
| | ၃ | တူးမြောင်းစပ်လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်း။ | | | √ | **2020** | | |
| | ၄ | လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း | | | √ | **2018/2019/2020** | | |
| | ၅ | တူးမြောင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်း။ | | | √ | **2018/2019/2020** | | |
| **လူမှုစီးပွား (ပညာရေး၊ ကျန်းမာ ရေးနှင့်ဆိုင်သောအဆောက် အဦးနှင့်အခြားလို အပ်ချက်များ** | ၁ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်းလုပ်ငန်း | | | √ | **2018/2019/2020** | | |
| | ၂ | ကျောင်းခြံစည်းရိုးတည်ဆောက်ခြင်းလုပ်ငန်း | | | √ | **2018/2019/2020** | | |
| | ၃ | အထက်တန်းရရှိ | | √ | | **2018/2** | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ရေး။ | | | | **019/2020** | | |
| | ၄ | ကျောင်းဆောင် သစ်ပြုပြင်တိုးချဲ့ ခြင်းလုပ်ငန်း။ | | | √ | **2020** | | |
| | ၅ | ဝန်ထမ်းအိမ်ယာ ရရှိရေး။ | √ | | | **2020** | | |
| **အသက်မွေး ဝမ်းကျောင်း (စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆိုင်သော အ ဆောက်အဦးနှင့် အခြားလို အပ် ချက်များ** | ၁ | အလုပ်အကိုင် အခွင့်အလမ်းရရှိ ရေး။ | | √ | | **2019/2020** | | |
| | ၂ | အခမ်းအနားပန်း အလှဆင်သင်တန်း ရရှိရေး။ | √ | | | **2020** | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| **သဘာဝဘေး အန္တရာယ် လျော့ပါးရေး** | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| **အခြား** | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |

## ၁၅။ လူထုဗဟိုပြုစီမံကိန်း (NCDDP) ဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ

| စီမံကိန်း စက်ဝန်း | လုပ်ငန်းခွဲအမည် | အတိုင်းအတာ | ထောက်ပံ့ ငွေ (ကျပ်) | ကျေးရွာ ထည့်ငွေ (ကျပ်) | စုစုပေါင်း (ကျပ်) |
|---|---|---|---|---|---|
| ပထမနှစ် | ရွာတွင်းကွန်ကရစ် လမ်းခင်းခြင်း လုပ်ငန်း | 784’x12’x6” | 9600000 | 845000 | 10445000 |
| ဒုတိယနှစ် | ရွာတွင်းကွန်ကရစ် လမ်းခင်းခြင်း လုပ်ငန်း | 920’x12’x6” | 13484200 | 1900 | 13486100 |
| တတိယနှစ် | | | | | |
| စတုတ္ထနှစ် | | | | | |